# အမျိုးသမီးဆိုင်ရာ အချက်အလက်

## ဧပြီလ ၂၀၂၅ခုနှစ်

၂၀၂၅ ခုနှစ် မတ်လ (၂၈) ရက်နေ့တွင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့အား ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇.၇ ရှိ မြေငလျင်ကြီးတစ်ခု လှုပ်ခတ်ခြင်းကြောင့် တော်လှန်ရေးတပ်ဖွဲ့များအပါအဝင် အကြမ်းဖက် စစ်အုပ်စုသည်လည်း ငလျင်အရေးပေါ် ကူညီကယ်ဆယ်ရေးများ လုပ်ဆောင်နိုင်ရန် ယာယီအပစ်ရပ်ရန် အသီးသီး ကြေငြာချက်များ ထုတ်ပြန်ခဲ့ကြသည်။ အကြမ်းဖက်စစ်အုပ်စုသည် အပစ်ရပ်ကြေငြာထားသော်လည်း ငလျင်ဒဏ်ကြောင့် ပူဆွေး သောက ရောက်နေသည့် အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများအား ပိုမို အသုံးပြုလာခြင်းကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည်လည်း နေ့စဉ်နှင့်အမျှ အသက်ဆုံးရှုံးနေရသည်။

### သေဆုံးသူ



၇၁

### ထိခိုက်ဒဏ်ရာရရှိသူ



၅၀

ဧပြီလအတွင်း၌လည်း မြန်မာနိုင်ငံတဝှမ်း အမျိုးသမီး သေဆုံးမှု ဆက်လက် မြင့်တက်လျက်ရှိသည်။ ဧပြီလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အတွင်း အမျိုးသမီး (၇၁) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခုဖော်ပြပါ အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့်မှတ်တမ်းမှုများ အပြင် မြေပြင်မှ အချက်အလက်ကောက်ယူထားမှုများကို ပြန်လည် စုစည်းတင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်ခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org

# အမျိုးသမီးသေဆုံးသူ အရေအတွက်နှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်




မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများ အရ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၇၁)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထို့ကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၅၉)ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၇)ဦးနှင့် အကြမ်းဖက် စစ်တပ်၏ သတ်ဖြတ်မှုကြောင့် (၅) ဦး တို့ ဖြစ်ကြသည်။ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီး (၇၁) ဦးထဲမှ ( ၁၃) ဦးသည် အသက် (၁၈) နှစ်အောက်များ ဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၅၀)ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၄၀)ဦး၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၅)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၄)ဦး၊ နှင့် အာရက္ခတပ်ဖွဲ့ဝင်မှ မုဒိမ်းပြုကျင့်ခြင်းကြောင့် (၁) ဦးတို့ ဖြစ်ကြသည်။


မြန်မာ့ အမျိုးသမီးသမဂ္ဂ
https://www.facebook.com/burmesewomensunion
https://burmesewomensunion.org

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် စစ်ကိုင်းတိုင်း ဒေသကြီးမှ (၃၀) ဦး၊ မန္တလေးတိုင်း ဒေသကြီးမှ (၁၄) ဦးနှင့် ပဲခူးတိုင်းဒေသကြီးမှ (၅) ဦး တို့ ဖြစ်ကြပြီး စစ်ကိုင်းတိုင်း ဒေသကြီးသည် ၂၀၂၅ ခုနှစ် ဧပြီလအတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်းဒေသကြီး ဖြစ်သည်။

မြန်မာ့ အမျိုးသမီးသမဂ္ဂ

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org